# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 7, 2019 Volume 19, Number 4


**၇.၅.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၃၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၇ ကျပ် |
| CBM Rate | = ၁၅၂၄ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၆.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၈.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၅.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၉.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၄၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၇၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၃၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၇၇၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## ယခုနှစ် မိုးဦးမကျမီ နှမ်းမျိုးဈေးများ အောင်လံတွင် စံချိန်တင် မြင့်တက်လာ

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တောင်သူများ မိုးဦးသီးနှံ အဖြစ် အများဆုံးစိုက်ပျိုးလေ့ရှိသည့် စမုန်နက်နှမ်းဈေးများ ယခုနှစ်တွင် စံချိန်တင် မြင့်တက်လျက်ရှိကြောင်း သတင်းရရှိသည်။ ယခင်နှစ်များက စမုန်နက်နှမ်းမျိုး တစ်တင်းလျှင် ကျပ် ၇၀၀၀၀ ကျော် ၈၀၀၀၀ ခန့်သာ ပေါက်ဈေးရှိသော်လည်း ယခုနှစ် စမုန်နက်နှမ်းမျိုး တစ်တင်းလျှင် ကျပ်တစ်သိန်းခန့်အထိ ပေါက်ဈေးရှိနေ၍ နှမ်းမျိုးဝယ်စိုက်ရမည့် တောင်သူများအတွက် စိုက်ပျိုးစရိတ်ကုန်ကျမှု ယခင်နှစ်များကထက် မြင့်တက်လာဖွယ်ရှိနေကြောင်းသိရသည်။

မျိုးအဖြစ်ရောင်းမယ့် နှမ်းကတော့ တော်တော်သန့်ပါတယ်။ တစ်တင်းကို တစ်သိန်းလောက်ပေါက်ဈေးရှိတယ်။ ဒီဈေးကတော့ တစ်ခါမှမဖြစ်ဖူးပါဘူး။ စံချိန်တင်ဈေးပါ။ မျိုးဝယ်စိုက်ရမယ့် တောင်သူတွေအတွက်တော့ ဈေးမြင့်တက်မှုကြောင့် စိုက်ပျိုးစရိတ် မြင့်လာမယ်ပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ဘက်မှာတော့ ဝယ်စိုက်ရမယ့် တောင်သူနည်းပါတယ်။ အများစုက အခုနှစ် နှမ်းစိုက်ဖို့ မျိုးချန်ထားကြပါတယ်ဟု အောင်လံမြို့နယ် ကုန်သည်အသင်းဥက္ကဋ္ဌ ဦးအောင်မိုးက ပြောကြားသည်။

လက်ရှိတွင် မေလထဲသို့ရောက်လာသော်လည်း မိုးဦးမိုး မရွာသွန်းသေးသဖြင့် ဒေသခံတောင်သူများ သီးနှံစိုက်ပျိုးရန် အခက်အခဲများနှင့် ကြုံတွေ့နေရပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် နှစ်စဉ်မေလဒုတိယအပတ်မှ စတင်ကာ မိုးဦးမိုး ရွာသွန်းမှုကြောင့် သီးနှံများ စိုက်ပျိုးလေ့ရှိပြီး မိုးဦးမိုး ရွာသွန်ချိန် နောက်ကျပါက ရိုးရာမိုးခေါ် လွန်ဆွဲပွဲများ ကျင်းပလေ့ရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/105702

## မြန်မာ့ငရုတ်သီး (အစို) ကို ထိုင်းနိုင်ငံကို စတင်တင်ပို့



ယခုလအတွင်း မြန်မာ့ငရုတ်သီး (အစို) ကို ထိုင်းနိုင်ငံကို စတင် တင်ပို့နေပြီဖြစ်ကြောင်း ငရုတ်ဈေးကွက်နှင့်နည်းပညာ ဖွံ့ဖြိုး တိုးတက်ရေးအသင်း မှသိရပါတယ်။ မြန်မာ့ငရုတ်သီး (အစို) ကို ဧပြီလအတွင်းမှစတင်ကာ ထိုင်း နိုင်ငံကိုတင်ပို့နေပြီး အခြားနိုင်ငံများကိုလည်း ဆက်လက် တင်ပို့သွားမှာ ဖြစ်ကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုး တိုးတက်ရေး အသင်းမှ ဥက္ကဋ္ဌဒေါ်ဥမ္မာကျော်က ပြောပါတယ်။

အခုဒီလအတွင်းမှာ မြန်မာ့ငရုတ်သီး (အစို) ကို နယ်စပ် ကနေမှတစ်ဆင့် ထိုင်းကို စတင်တင်ပို့နေပြီ။ အခြားနိုင်ငံတွေ ကိုလည်း တင်ပို့ဖို့အတွက် စီစဉ်လုပ်ဆောင်နေတယ်။ ငရုတ်သီး (အစို) ကလည်း အခုဒီရက်ပိုင်းအတွင်းမှာ ဝယ်လိုအားကလည်း တအားလိုက်နေတယ် ထိုင်းနိုင်ငံကို အခုလအတွင်း စတင်တင်ပို့ခဲ့ရာ တန်ချိန် (၃၀) ဝန်းကျင် တင်ပို့နိုင်ပြီဖြစ်ကြောင်း အဆိုပါအသင်းမှသိရပါတယ်။ မြန်မာ့ငရုတ်ကို ကျောက်ဆည်နဲ့ ရောဝတီတိုင်းဒေသကြီးမှာလည်း အများဆုံးစိုက်ပျိုးကြောင်း ငရုတ်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုး တိုးတက်ရေးအသင်းမှသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/start_chili_export_to_Thai_from_ Myanmar?fbclid=IwAR0VVHYcQ23hWMXGLXG_CSl5rdQ_zDkK_PajTX_CBrH8MOJgCpa3xIO33Uw

## မှိုခြောက်မှုန့်များကို ပြည်ပနိုင်ငံများသို့တင်ပို့ရန် ဂျပန်ကုမ္ပဏီနှင့် MoU ရေးထိုးမည်

ပြည်တွင်းစိုက်ပျိုးထွက်ရှိသော မှိုခြောက်မှုန့်များ (ငွေနှင်းမှို၊ ကြွက်နားရွက်မှို၊ ကောက်ရိုးမှို)ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန် ဂျပန်ကုမ္ပဏီတစ်ခုနှင့် MoU လက်မှတ်ရေးထိုးရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံစားသုံးမှိုအစုအဖွဲ့မှ သိရသည်။ ယင်းကုမ္ပဏီအနေဖြင့် မှိုခြောက်မှုန့် နမူနာများယူ၍ မလေးရှားသို့ တင်ပို့ထားပြီး အိန္ဒိယ၊ စင်္ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့ကိုလည်း နမူနာများ ပေးပို့သွားမည်ဖြစ်ကာ မှိုခြောက်မှုန့်အပြင် ဒန့်ဒလွန်နှင့် ကြယ်ပဲကိုလည်း တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။ "သူတို့ကို တိုက်ရိုက်တင်ပေ့ါ။ ပြီးမှ ပိုက်ဆံပေးချင်တဲ့ သဘောပေ့ါ။ အန်ကယ်တို့က အဲ့ဒါကို လက်သင့်မခံဘူး။ ပစ္စည်းအရည်အသွေးကို သူတို့ကြိုက်တယ်။ ထုပ်ပိုးမှု(packing) ကို သူတို့က ပြောင်းခိုင်းတယ်။ ထုပ်ပိုးမှု (packing) ကတော့ သူတို့သေချာရင် ပြောင်းလို့ရတယ်။ ဒါပေမယ့် အန်ကယ်တို့က သူတို့နဲ့ သိပ်မသေချာသေးတော့ ယုံကြည်မှုအားနည်းတာပေ့ါ။ ဒီကထွက်သမျှ မှိုဆိုရင်လည်း မှို ခြောက်၊ မှိုမှုန့် အပြတ်ရောင်းမယ်။ သူ့ဟာသူ packing လုပ်ပြီး ပြန်ရောင်းပေ့ါ။ တကယ်လို့ ပြန်ရောင်းမယ်ဆိုရင် အန်ကယ်တို့ အသင်းအနေနဲ့ ဒီကနေ ထောက်ခံပေးမယ်။ မြန်မာမှိုဆိုပြီးတော့ပေ့ါ။" ဟု မြန်မာနိုင်ငံ စားသုံးမှိုအစုအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်က ပြောသည်။

ငွေနှင်းမှို၊ ကြွက်နားရွက်မှို၊ ကောက်ရိုးမှိုများကို အခြောက်လှန်းကာ ပေါင်ဒါမှုန့်ပြုလုပ်၍ ဟင်းခတ်မှုန့်အဖြစ် အသုံးပြုမှု တွင်ကျယ်လာသည့်အတွက် ယခုကဲ့သို့ ဈေးကွက်ချဲ့ထွင်ရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် မြန်မာနိုင်ငံက ထွက်ရှိသော မှိုခြောက်မှုန့်များကို ပြည်ပနိုင်ငံများရှိ ကုန်တိုက်များတွင် တိုက်ရိုက်တင်ပို့၍ ၂၀ ရာခိုင်နှုန်းကို ၎င်းတို့ ယူမည်ပုံစံဖြင့်လည်းကောင်း၊ အကြွေးစနစ်ဖြင့်လည်းကောင်း ဆောင်ရွက်ခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။

အဲ့ဒါကိုလည်း အန်ကယ်တို့က ဒီအတိုင်းမလုပ်ချင်ဘူး။ MoU ထိုးခိုင်းမယ်။ ဒီလဘယ်လောက်ထွက်မယ်။ ဘယ်လောက်ယူမယ်ပေ့ါ။ သူတို့လာမယ် ဒီနှစ်ပတ်အတွင်း ပြန်လာမယ်ပြောတယ်။ အဲ့ဒါကို အမယ်တစ်မျိုးစီ လုပ်ရမှာပေ့ါ။ ဒန့်ဒလွန်မှုန့်ဆိုရင် ဒန့်ဒလွန်အရွက်ခြောက်မှုန့်၊ မှိုဆိုရင် မှိုတစ်ခါလုပ်မယ်။ အဲ့ဒါကို ထုတ်လုပ်သူနဲ့စိုက်ပျိုးတဲ့ တောင်သူတွေခေါ်ပြီးတော့ သူတို့ရှေ့မှာပဲ တိုက်ရိုက်ချိတ်ဆက်မယ်။ သူတို့ဆီကနေ ကိုတာတောင်းမှာပေ့ါ ။ တစ်လ ဘယ်လောက်ထုတ်ရမယ်။ ဈေးနှုန်းကိုလည်း ခြောက်လတစ်ကြိမ် လုပ်ဆောင်သွားမယ်။" ဟု ဦးတင်အောင်ကပြောသည်။

လက်ရှိပြည်တွင်း ဈေးကွက်အတွင်း မှိုတစ်ပိဿာလျှင် ကျပ် ၅၀၀၀ ဝန်းကျင်ပေါက်ဈေးရှိပြီး ရန်ကုန်ဈေးကွက်အတွင်းသို့ နေ့စဉ်မှိုပိဿာချိန် ၆၀၀၀ မှ ၇၀၀၀ ဝန်းကျင် ဝင်ရောက်လျက်ရှိကြောင်းသိရသည်။ မှိုစိုက်ပျိုးရာတွင် လယ်ယာထွက်ပစ္စည်းများကို အသုံးပြု၍စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးစရိတ်နည်းပါးခြင်း၊ တစ်ပတ်အတွင်း ငွေပြန်ရခြင်းတို့ကြောင့် တစ်နိုင်တစ်ပိုင်လုပ်ကိုင်သူများ များပြားလာကြောင်းသိရသည်။ မှိုစိုက်ပျိုးရာတွင် မှိုမျိုးစေ့ထုပ်ကို ဝယ်ယူ စိုက်ပျိုးမည်ဆိုပါက တစ်ပတ်အတွင်း မှိုထွက်ရှိ၍ တစ်လခွဲအထိ ထုတ်ယူနိုင်ပြီး မျိုးစေ့ထုတ်ပိုး၍ စိုက်ပျိုးမည်ဆိုပါက စတင်စိုက်ပျိုးချိန်မှ တစ်လအတွင်းမှ သုံးလအထိ မှိုထုတ်ယူနိုင်ကာ တစ်နှစ်လျှင် ၅ ကြိမ်ဝန်းကျင်အထိ မှိုစိုက်ပျိုးထုတ်လုပ်နိုင်ကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/sign_MOU_with_japanese_company_to_export_mushroom_dry_powder?fbclid=IwAR1UxKFE5HDoYdqBFK70YwZ_AzrLFEM1TIMj4BDS0lavrImbD9-H2tX7jtc

## အာဆီယံ ကုန်ထုတ်လုပ်မှုကဏ္ဍ ဧပြီလတွင် (၅) လဆက်တိုက် အမြင့်ဆုံးရောက် မြန်မာ ဆက်လက် ဦးဆောင်

အာဆီယံဒေသများ၏ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ ဧပြီလတွင် (၅) လဆက်တိုက် မြင့်တက်လာခဲ့ပြီး ရောင်းဈေးကျဆင်းခြင်းနှင့် ပြည်ပသို့တင်ပို့ရောင်းချမှု မြင့်တက်လာခဲ့ခြင်းတို့ကြောင့်ဖြစ်ကာ ဝယ်ယူရေး မန်နေဂျာများ၏ အညွှန်းကိန်း (PMI) အရ မြန်မာနိုင်ငံမှာ ထိပ်ဆုံးမှဆက်လက်ဦးဆောင်ထားကြောင်း NIKKEI က ထုတ်ပြန်သည်။ အာဆီယံဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း (PMI) အရ အာဆီယံဒေသ ထုတ်လုပ်သူတို့က ဧပြီလတွင် လုပ်ငန်းလည်ပတ်မှုအခြေအနေ ပိုမိုတိုးတက်လာခဲ့ပြီး ငါးလအတွင်း အမြင့်ဆုံး ရောက်ရှိခဲ့ကြောင်းဆိုထားသည်။

နိုင်ငံအလိုက် PMI အညွှန်းကိန်းများအရ မြန်မာနိုင်ငံမှာ (၅၃.၇) ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ဗီယက်နမ်မှာ (၅၂.၅)၊ ထိုင်း (၅၁.၀)၊ ဖိလစ်ပိုင် (၅၀.၉)၊ အင်ဒိုနီးရှား (၅၀.၄)၊ မလေးရှား (၄၉.၄) နှင့် စင်္ကာပူ (၄၇.၃) ရှိကာ အာဆီယံဒေသတဝှမ်းမှ ဒုတိယသုံးလပတ်အစပိုင်းတွင် ပိုမြန်သည့်ထုတ်လုပ်မှုနှုန်းကို မှတ်တမ်းတင်နိုင်ခဲ့ကြပြီး

ပြည်ပကိုတင်ပို့ရောင်းချမှုမှာလည်း ပထမဆုံးအကြိမ် မြင့်တက်လာခဲ့သည်။ ယင်းကြောင့်ကုမ္ပဏီများက ဧပြီလတွင် အလုပ်သစ်များ တိုးမြင့်ခန့်ထားခဲ့ကာ ၂၀၁၉ ခုနှစ်အတွက် အလုပ်ခန့် ထားရာတွင် အမြန်ဆုံးနှုန်းဖြစ်ခဲ့သော်လည်း ထုတ်လုပ်မှုမှာ တိုးတက်မလာခဲ့ဘဲ သိုလှောင်မှုပမာဏမှာလည်း ကျဆင်းသွားခဲ့သည်ဟုဆိုသည်။

မြန်မာနိုင်ငံသည် ထိပ်သီးအဆင့်ကို ဆက်လက်ရယူထားပြီး တစ်နှစ်အတွင်း ထုတ်လုပ်မှုပါ ပူးတွဲ ရယူထားခဲ့သလို ဗီယက်နမ်မှာလည်း လုပ်ငန်းအခြေအနေများ လျင်မြန်စွာတိုးတက်လာသည့်အတွက် ဒုတိယ အဆင့်တွင်ရှိနေသည်ဟု NIKKEI က ဆိုသည်။ ငွေကြေးဖောင်းပွမှုနှုန်းမှာ ပျမ်းမျှနှုန်းနှင့်ယှဉ်လျှင် သက်သာ လာခဲ့သော်လည်း ထုတ်လုပ်မှု စရိတ်မှာ အသင့်အတင့်တက်လာခဲ့သည့်အတွက် စရိတ်စကများ မြင့်တက် လာခဲ့ကြောင်း၊ ကုန်ထုတ်သူများက သံမဏိနှင့်ရေနံဈေး မြင့်တက်လာခဲ့ခြင်းကြောင့်ဟုဆိုကြသလို ကုန်ကြမ်း ရှားပါးမှုကြောင့် စရိတ်များမြင့်တက် လာခဲ့သည်ဟု ဆိုသည်။ လုပ်ငန်းရှင်တို့၏ ယုံကြည်မှုမှာအပြု သဘော ဆောင်လျက် အနည်းငယ်မြင့်တက်လာခဲ့ပြီး ဖိလစ်ပိုင်မှာ အပြုသဘောဆောင်မှုအမြင် အမြင့်ဆုံးရှိပြီး မြန်မာနိုင်ငံမှာ အပြုသဘောဆောင်မှုအမြင် အနည်းဆုံး အဆင့်ရှိသည်ဟုဆိုသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020272

## အိန္ဒိယမှ Adani ကုမ္ပဏီမှ ရန်ကုန်တွင် ဆိပ်ကမ်းဆောက်ရန် သန်း(၂၉၀)ကျော် ရင်းနှီးမြှုပ်နှံမည်

အိန္ဒိယနိုင်ငံမှ Adani ကုမ္ပဏီမှ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်တွင် တည်ရှိသော မြေဧက(၅၄.၄၁) တွင် ဆိပ်ကမ်းနှင့် ကွန်တိန်နာ သိုလှောင်ထိန်းသိမ်းမှုတို့ပြုလုပ်ရန် အမေရိကန်ဒေါ်လာ သန်း (၂၉၀) ကျော် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ချက်အရသိရသည်။ အိန္ဒိယ နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ ဆိပ်ကမ်းတိုးချဲ့ခြင်းနဲ့ ကွန်တိန်နာရပ်စတဲ့ Logistic လုပ်ငန်း ဖြစ်ပါတယ်ဟု မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားရေးဦးစီးဌာနမှ ဒေသဆိုင်ရာညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ဆိုသည်။

Adani Yangon International Terminal Co.,Ltd အနေနှင့် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်တွင် Development, Operation and Maintenance of Ahlon International Port Terminal(2) and Container Yard on Build, Operate and Transfer Basis လုပ်ငန်းကို BOT စနစ်ဖြင့် ဆောင်ရွက်မည် ဖြစ်ကာ အမေရိကန်ဒေါ်လာ သန်း (၂၉၀.၁၂၄) ရှိကာ လုပ်ငန်းသက်တမ်းမှာ နှစ်(၅၀) ဖြစ်ကြောင်းဆိုထားသည်။

အလုံမြို့နယ်ရှိ အဆိုပါဆိပ်ကမ်း တည်ဆောက်မည့်မြေနေရာကို MEC က ပိုင်ဆိုင်ထားပြီး တည်ဆောက်ရေး ကာလအနေနှင့် လ (၃၀)ဖြစ်သည့်အတွက် လက်ရှိဆောင်ရွက်နေပြီဖြစ်ကာ အခွန်ကင်းလွတ်ခွင့် (၃)နှစ်ကို လည်းရှိထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သူ ဒေါ်မြစန္ဒာက ပြောကြားခဲ့သည်။ သူက အိန္ဒိယအခြေစိုက်ကုမ္ပဏီ ဖြစ်ပေမယ့် Incorporate က စင်္ကာပူမှာပါဟု ဒေါ်မြစန္ဒာက ဆိုသည်။ BOT စနစ်ဖြင့်တည်ဆောက်မည့် အဆိုပါ ဆိပ်ကမ်းတည်ဆောက်ရန် ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ထားခြင်းဖြစ်ကာ PlotNo.23 (G/4), 23(R/2A), Ahlon Port Compound တွင် တည်ရှိသည်ဟုသိရသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020270

## ဧပြီလ မြန်မာ့ထုတ်လုပ်မှု အာဆီယံဒေသအတွင်း အမြင့်ဆုံးဖြစ်



မြန်မာနိုင်ငံ၏ထုတ်လုပ်ရေးကဏ္ဍသည် ဧပြီတွင် အာဆီယံနိုင်ငံများအတွင်း အမြင့်ဆုံးရောက်ရှိလာကြောင်း ဂျပန် Nikkei ၏ မြန်မာ့စက်မှု ကုန်ထုတ်လုပ်မှုလုပ်ငန်း ညွှန်းကိန်း၌ ဖော်ပြထားသည်။ ထိုသို့မြင့်တက်လာခြင်းသည် ကုန်ထုတ်လုပ်ငန်းလည်ပတ်မှု အခြေအနေ တိုးတက်လာခြင်း၊ အမှာအသစ်များ ရရှိလာခြင်း ကြောင့်ဟုဆိုသည်။

ထိုညွှန်းကိန်းအရ ဧပြီအတွင်း မြန်မာနိုင်ငံသည် ၅၃ ဒသမ ၇ ရမှတ်ရှိပြီး ဗီယက်နမ်နိုင်ငံက ၅၂ ဒသမ ၅ မှတ်၊ ထိုင်းနိုင်ငံက ၅၁ မှတ်နှင့် ဖိလစ်ပိုင်နိုင်ငံက ၅၀ ဒသမ ၉ မှတ်ရရှိထားသည်။ သို့သော် ညွှန်းကိန်းမြင့်တက်လာသော်လည်း မြန်မာနိုင်ငံသည် ငွေကြေးဖောင်းပွမှုဒဏ် ခံရမည်ဟုလည်း Nikkei က

မှတ်ချက်ပေးထားသည်။ မြန်မာနိုင်ငံ၌ လုပ်ငန်းသစ်များသည် ခြောက်လအတွင်းဆက်တိုက် တိုးတက်လာခြင်းကြောင့် ဧပြီတွင် ကုန်ထုတ်လုပ်မှု ညွှန်းကိန်း အမြင့်ဆုံးဖြစ်လာသည်ဟုဆိုသည်။

ဝယ်ယူသူများထံမှ ဝယ်လိုအားတိုးတက်လာခြင်းနှင့် ဝယ်ယူသူအသစ် တိုးတက်လာခြင်းကြောင့် ယခုကဲ့သို့ တိုးတက်လာခြင်းဖြစ်သည်ဟု Nikkei ကဆိုသည်။ ကုန်ကြမ်းရှားပါးလာမှုနှင့် စရိတ်များလာခြင်းကြောင့် ဈေးနှုန်း ဖောင်းပွမှုများ မြင့်တက်လာပြီး လုပ်ငန်းသစ်များ အားကောင်းဦးမော့လာသော်လည်း အလုပ်ခန့်အပ်မှုနှုန်း လျော့နည်းခဲ့သည်ဟု ဆိုထားသည်။ သို့သော် ဧပြီတွင် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှု၌ ထုတ်ကုန်အသစ်များ ထုတ်လုပ်လာခြင်း၊ နည်းပညာသစ်များ လိုက်လျောညီထွေစွာ အသုံးပြုနေခြင်းကြောင့် ပိုမိုခိုင်မာလာသည်ဟု အဆိုပါ စစ်တမ်းက ဆိုသည်။ စစ်တမ်းအတွက် ကုမ္ပဏီ ၄၀၀ ခန့်ကို မေးခွန်းပေးပို့ ဖြေဆိုခိုင်းခြင်းဖြစ်ပြီး ဧပြီ ၁၀ ရက်မှ ၂၃ ရက်အတွင်း အချက်အလက် ကောက်ယူခြင်း ဖြစ်သည်။

**Source : http://www.7daydaily.com/story/155441**

## အခြေခံစပါးဈေးနှုန်း လိုအပ်တဲ့အချိန် ပြောင်းလဲသတ်မှတ်မည်



အခြေခံစပါးဈေးနှုန်းကို လိုအပ်တဲ့အချိန်မှာ ပြောင်းလဲသတ်မှတ်ဖို့ စောင့်ကြည့်ထိန်းကျောင်းနေတယ်လို့ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြောပါတယ်။ ဧပြီလ ၂၉ ရက်နေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ သနပ်ပင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ စပါးတစ်တင်းကို အနိမ့်ဆုံး ကျပ် ၅၀၀၀ နှုန်းအစား စားသုံးသူ ပြည်သူလူထု တစ်ရပ်လုံးလည်း မနစ်နာစေဘဲ ထုတ်လုပ်သူ တောင်သူ လယ်သမားများပါ တွက်ခြေကိုက်တဲ့ စပါးဈေးနှုန်း တစ်ရပ်ဖြစ်ပေါ်စေရေး စီစစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိမရှိ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားရာမှာ အခုလို ပြောသွားတာပါ။ ဒုဝန်ကြီး ဦးလှကျော်က "အခြေခံစပါးဈေးနှုန်းကို ဈေးကွက်အနေအထား ပြောင်းလဲဖြစ်ပေါ်လာမှုများနှင့်အညီ စိုက်ပျိုးထုတ်လုပ်သူ လယ်သမားများရဲ့ အကျိုးစီးပွားကို အဓိကရှေးရှုပြီး လိုအပ်တဲ့အချိန်မှာ ပြောင်းလဲသတ်မှတ်ဖို့ တောင်သူလယ်သမား အခွင့်အရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့က ဆောင်ရွက်ပါတယ်လို့ ပြောပါတယ်။ ဒါ့အပြင် နိုင်ငံတကာ ဆန်စပါးဈေးကွက်လေ့လာခြင်း၊ ဈေးနှုန်း အခြေအနေများသုံးသပ်ခြင်း ဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တာဝန်ရှိသူများပါဝင်တဲ့ ဆန်စပါး ဈေးကွက်ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းပြီး စောင့်ကြည့် ထိန်းကျောင်းနေတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်အနေနဲ့ ပြီးခဲ့တဲ့နှစ် မတ်လက စပါးအခြေခံဈေးနှုန်းကို တစ်တင်းလျှင် ကျပ် ၅၀၀၀ နှုန်းနဲ့ သတ်မှတ်ခဲ့ပြီး သည်နှစ်နွေစပါးမှာလည်း အသစ်မထုတ်ပြန်ခင်အထိ သတ်မှတ်ထားတဲ့နှုန်းအတိုင်း ဝယ်ယူကြဖို့ ထုတ်ပြန်ထားပါတယ်။ ဒုဝန်ကြီးကတော့ အခုလိုအခြေခံဈေးနှုန်း တစ်တင်းလျှင် ကျပ် ၅၀၀၀ သတ်မှတ်ထားပေမဲ့လည်း စပါးအများဆုံး ထွက်ရှိတဲ့ ဧရာဝတီတိုင်း၊ ရန်ကုန် ၊ ပဲခူးတိုင်းဒေသကြီးတို့မှာ အခြေခံ ဈေးနှုန်းထက် မြင့်တဲ့ဈေးနှုန်းနဲ့ ရောင်းဝယ်မှုတွေရှိနေတယ်လို့ပြောပါတယ်။ လက်ရှိမှာ နွေစပါးတွေဟာ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းတို့မှာ ထွက်ရှိနေပြီဖြစ်ပြီး မန္တလေးတိုင်းနဲ့ နေပြည်တော်အပါအဝင် တခြားဒေသတွေကတော့ နွေစပါးတွေ မထွက်ရှိသေးဘူးလို့ သိရပါတယ်။ အသင်းချုပ်ကနေ လက်ရှိသတ်မှတ်ထား တဲ့ အခြေခံဈေးနှုန်းဟာ သင့်တင့်တဲ့နှုန်းထားဖြစ်ပေမဲ့လည်း အရည်အသွေးသတ်မှတ်ချက်မှာ လိုက်နာဖို့ ခက်ခဲတာ၊ ဝယ်သူတွေ အားလုံးလိုက်နာဖို့လိုတာ စတဲ့အပိုင်းတွေမှာတော့ လိုအပ်ချက်တွေရှိနေတယ်လို့ တောင်သူတချို့ရဲ့ ပြောပြချက် အရသိရပါတယ်။

**Source:** https://www.kumudranews.com/news-33283

## ယခုနှစ် မိုးဦးမကျမီ နှမ်းမျိုးဈေးများ အောင်လံတွင် စံချိန်တင်မြင့်တက်လာ




မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တောင်သူများ မိုးဦးသီးနှံအဖြစ် အများဆုံး စိုက်ပျိုးလေ့ရှိသည့် စမုန်နက်နှမ်းဈေးများ ယခုနှစ်တွင် စံချိန်တင်မြင့်တက်လျက်ရှိကြောင်း သတင်းရရှိသည်။ ယခင်နှစ်များက စမုန်နက်နှမ်းမျိုး တစ်တင်းလျှင် ကျပ် ၇၀၀၀၀ ကျော် ၈၀၀၀၀ ခန့်သာ ပေါက်ဈေးရှိသော်လည်း ယခုနှစ်စမုန်နက်နှမ်းမျိုး တစ်တင်းလျှင် ကျပ်တစ်သိန်း ခန့်အထိ ပေါက်ဈေးရှိနေ၍ နှမ်းမျိုး ဝယ်စိုက်ရမည့် တောင်သူများအတွက် စိုက်ပျိုးစရိတ် ကုန်ကျမှု ယခင်နှစ်များကထက် မြင့်တက်လာဖွယ် ရှိနေကြောင်း သိရသည်။

မျိုးအဖြစ်ရောင်းမယ့် နှမ်းကတော့ တော်တော်သန့်ပါတယ်။ တစ်တင်းကို တစ်သိန်းလောက် ပေါက်ဈေးရှိတယ်။ ဒီဈေးကတော့ တစ်ခါမှ မဖြစ်ဖူးပါဘူး။ စံချိန်တင်ဈေးပါ။ မျိုးဝယ်စိုက်ရမယ့် တောင်သူတွေအတွက်တော့ ဈေးမြင့်တက်မှုကြောင့် စိုက်ပျိုးစရိတ်မြင့်လာမယ်ပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ဘက်မှာတော့ ဝယ်စိုက်ရမယ့် တောင်သူနည်းပါတယ်။ အများစုက အခုနှစ် နှမ်းစိုက်ဖို့ မျိုးချန်ထားကြပါတယ်ဟု အောင်လံမြို့နယ် ကုန်သည်အသင်းဥက္ကဋ္ဌ ဦးအောင်မိုးက ပြောကြားသည်။

လက်ရှိတွင် မေလထဲသို့ ရောက်လာသော်လည်း မိုးဦးမိုး မရွာသွန်းသေးသဖြင့် ဒေသခံ တောင်သူများ သီးနှံစိုက်ပျိုးရန် အခက်အခဲများနှင့် ကြုံတွေ့နေရပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် နှစ်စဉ် မေလဒုတိယအပတ်မှ စတင်ကာ မိုးဦးမိုးရွာသွန်းမှုကြောင့် သီးနှံများ စိုက်ပျိုးလေ့ရှိပြီး မိုးဦးမိုး ရွာသွန်းချိန် နောက်ကျပါက ရိုးရာမိုးခေါ် လွှန်ဆွဲပွဲများ ကျင်းပလေ့ ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/105702

## STOCK EXCHANGE (7.5.19)




Stock trading data

As of 7th May. 2019

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +800 | +8.25% | 9,800 | 10,500 | 9,800 | 2,827 | 29,249,100 | 27,112,747 | 284,684 |
| MTSH | 00002 | 3,050 | +50 | +1.67% | 3,050 | 3,050 | 3,050 | 5,382 | 16,415,100 | 38,929,150 | 118,734 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 28 | 201,600 | 10,400,986 | 74,887 |
| FPB | 00004 | 21,500 | +0 | +0.00% | 22,000 | 22,000 | 21,500 | 575 | 12,365,000 | 2,472,053 | 53,149 |
| TMH | 00005 | 2,900 | +100 | +3.57% | 2,900 | 2,900 | 2,900 | 1,899 | 5,507,100 | 12,212,906 | 35,417 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 415.22 | +18.21 | +4.59% | 402.22 | 415.22 | 402.22 | 10,711 | 63,737,900 | 5 | 566,871 |


**Index chart**




# Market Overview

As of 11:00 am, 7th May. 2019

| MYANPIX | 403.30 ▲ 6.29 |
|---|---|
| Total Volume (shares) | 3,550 |
| Total Value (MMK) | 23 mil |
| Listed Company | 5 |
| Market Cap. (MMK) | 550,603 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ 200 |
| MTSH | 00002 | 3,050 | ▲ 50 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 100 |